ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက်အမှတ် (၁၅ / ၂၀၂၁)
၁၃၈၃ ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

# နိုင်ငံ၏ သယံဇာတများအား ကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား မှတ်တမ်းတင် ဂုဏ်ပြုကြောင်းကြေညာခြင်း

၁။ နိုင်ငံ့အာဏာကို အဓမ္မသိမ်းပိုက်ထားသည့် အကြမ်းဖက်စစ်ကောင်စီသည် အာဏာတည်မြဲရေးအတွက်သာ ရှေးရှုလျက် နိုင်ငံနှင့် ပြည်သူတို့အား အကြမ်းဖက် ဖိနှိပ်အုပ်ချုပ်လျက်ရှိရာ ၎င်းတို့ အာဏာသိမ်းခဲ့သည် အချိန်မှစ၍ နိုင်ငံတော်၏ သဘာဝ သယံဇာတများကို ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းခြင်းမရှိဘဲ ၎င်းတို့အခွန်ဝင်ငွေရရှိရေးအတွက် သစ်တော၊ သတ္တု၊ ကျောက်မျက် အစရှိသည့် သဘာဝသယံဇာတများကို ၎င်းတို့ကိုယ်တိုင်သာမက စစ်ကောင်စီသစ္စာခံ ကုမ္ပဏီ/ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ တရားမဝင် ထုတ်လုပ်ရောင်းချခြင်း၊ ဒေသခံ ဝိသမလောဘ သမားများမှ ကိုယ်ကျိုးစီးပွားအတွက် တရားမဝင် တူးဖော်ထုတ်လုပ်ခြင်းတို့ နိုင်ငံအနှံ့ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့မြင်နေရပါသည်။

၂။ နိုင်ငံရှိ မြေပေါ်မြေအောက် သယံဇာတများ၏ အရင်းခံမူလပိုင်ရှင်မှာ ပြည်သူများသာ ဖြစ်သည့်အတွက် ၎င်းသယံဇာတများအား ပြည်သူများ၏ အကျိုးစီးပွားအတွက်ရှေးရှုလျက် ပြည်သူ့ဆန္ဒနှင့် လျော်ညီစွာ စနစ်တကျ စီမံအုပ်ချုပ်၍ ထုတ်ယူသွားရမည် ဖြစ်သည်။ ထို့ကြောင့် ပြည်သူများမှ ပေါက်ဖွားလာသည့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF) များသည် ၎င်းတို့ဒေသရှိ မြေပေါ်မြေအောက် သဘာဝသယံဇာတများအား အကြမ်းဖက်စစ်ကောင်စီနှင့် ဝိသမလောဘ သမားများမှ တရားမဝင် တူးဖော်ထုတ်လုပ်နေမှုအား တားဆီးကာကွယ်ပြီး မိမိတို့၏ အသက်ကိုပင် ပဓာန မထား ကာကွယ်စောင့်ရှောက်လျက်ရှိသည်ကို သိရှိရပါသည်။

၃။ ထို့ကြောင့် စစ်အာဏာရှင်ပြုတ်ကျရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်ရင်း သယံဇာတများအား ဆက်လက်ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပေးပါရန် ပန်ကြားရင်း နိုင်ငံ၏ သဘာဝသယံဇာတများကို နိုင်ငံနှင့် ပြည်သူများကိုယ်စား စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်လျက် ရှိသည့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ထုတ်ပြန်ကြေညာ အပ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ